MINISTRY OF HUMAN RIGHTS

# ကိုဗစ်တတိယလှိုင်းတုန့်ပြန်လုပ်ဆောင်နေမှုနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

ကိုဗစ်တတိယလှိုင်းကြောင့် မြန်မာနိုင်ငံ ပြည်သူများအပေါ် ကျန်းမာရေးအန္တရာယ်ကျရောက်နေမှုနှင့် ကာကွယ်ကုသရေးနှင့်ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်ရာတွင် အားနည်းချက်များစွာ ရှိနေသည့်အတွက် အထူးစိုးရိမ်မိပါသည်။

လက်ရှိအခြေအနေတွင် ကိုဗစ်တတိယလှိုင်းဒဏ်ကို ခံနေရသော မြန်မာပြည်သူများအနေဖြင့် နိုင်ငံတကာ၏ သတ်မှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို မရရှိရုံတင်မကဘဲ ရရှိခံစားရမည့်အရာများကိုပင် အာဏာသိမ်းစစ်ကောင်စီက နှောက်ယှက်၊ ဟန့်တားခံနေရပါသည်။

ကျန်းမာရေးဆိုင်ရာအခွင့်အလမ်းများ ရရှိခံစားခွင့်ကို အချက် (၅) ချက်ဖြင့် တိုင်းတာလေ့ရှိပါသည်။ ပထမဦးဆုံးအချက်မှာ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို မည်သူ့အပေါ်မှ ခွဲခြားခြင်းမရှိဘဲ ရယူ ခံစားခွင့်ရှိရမည် **(Non-discrimination)** ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်လက်ရှိအခြေအနေတွင် အကာအကွယ်ပေးရမည့် ပြည်သူများထက် စစ်တပ်နှင့် ၎င်းတို့၏ မိသားစုဝင်များက ပိုမိုအခွင့်ထူးရရှိ နေသည်။ ကာကွယ်ဆေးကို အထူးလိုအပ်သူများအား ဦးစားပေးပြီး စနစ်တကျထိုးရမည့်အစား စစ်တပ်အသိုင်းအဝိုင်းကို ဦးစားပေးခြင်းနှင့် ကုသရေးစင်တာများ၊ အောက်ဆီဂျင်များအပါအဝင် လိုအပ်သည့်ကျန်းမာရေးဆိုင်ရာ ပစ္စည်းများကို စစ်တပ်အတွက် သိမ်းဆည်းထားခြင်းတို့သည် လူတိုင်းကျန်းမာရေးအခွင့်အရေးများကို တန်းတူရရှိပိုင်ခွင့်ကို ချိုးဖောက်ခြင်းဖြစ်သည်။

ဒုတိယအချက်ဖြစ်သည့် "ရရှိပိုင်ခွင့် **(Availability)** ဆိုသည့် အချက်မှာ ကျန်းမာရေးဆိုင်ရာ ကာကွယ် တားဆီးရေးနှင့် ပတ်သက်၍ လိုအပ်သော အရာများကို လူတိုင်းရရှိစေမှုဖြစ်သည်။ လက်ရှိအခြေအနေ တွင် ကြိုတင်စီစဉ်မှုအားနည်းမှုကြောင့် အခြေခံလိုအပ်သည့် နှာခေါင်းစည်းများနှင့် အောက်ဆီဂျင်များ ကို လူတိုင်းရရှိနိုင်ရန် အထူးသဖြင့် အခြေခံပြည်သူများရရှိနိုင်ရန် အထူးအခက်အခဲဖြစ်နေပါသည်။ ပိုမိုဆိုးရွားသည်မှာ ယင်းလိုအပ်သည့်အချက်များကို စစ်တပ်က ရည်ရွယ်ချက်ရှိရှိဖြင့် ပိတ်ပင်ခြင်း၊ တားဆီးခြင်း၊ မိမိတို့ အသိုင်းအဝိုင်းအတွက်သာ ရည်ရွယ်အသုံးချခြင်းတို့သည် "ရရှိပိုင်ခွင့်"ကို ထိခိုက်ခြင်း ဖြစ်ပါသည်။

တတိယအချက်ဖြစ်သည့် "လက်လှမ်းမီမှု**(Accessibility)"** ဆိုသည့်အချက်မှာ ကျန်းမာရေးပစ္စည်းများကို အလွယ်တကူ ဝယ်ယူနိုင်ခြင်း ဖြစ်ပါသည်။ သို့သော် ယခုအခါတွင် ပြည်ပမှ တင်သွင်းလာမည့် ပစ္စည်းများကိုပါ ကန့်သတ်ခြင်း၊ ထိန်းချုပ်ခြင်းတို့သည် မိမိကိုယ်တိုင်က ဖြည့်ဆည်းမပေးခြင်းအပြင် ကျန်းမာရေးစောင့်ရှောက်မှုအား "လက်လှမ်းမီမှု"ကို ပိတ်ပင်ခြင်းဖြစ်သည်။

စတုတ္ထအချက်ဖြစ်သည့် “လက်ခံနိုင်မှု” **(Acceptability)** ဆိုသည့် အချက်မှာ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ လုပ်ဆောင်ရာတွင် လူထုကိုအခြေပြုပြီး ပြည်သူကို အကျိုးပြုရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ စေတနာရှင်များက ကူညီသော အောက်ဆီဂျင်ဗူးများနှင့် အကူအညီများကို သိမ်းဆည်းခြင်း၊ ကူညီမှုများကို အနှောက်အယှက် ပေးခြင်းများသည် “လက်ခံနိုင်မှု” ဆိုသည့်အချက်ကို ချိုးဖောက်ရာရောက်ပါသည်။

နောက်ဆုံးအချက်ဖြစ်သည့် အရည်အသွေးပြည့်မှု **(Quality)** ဆိုသည့်အချက်မှာ ကျန်းမာရေး ဝန်ဆောင်မှုများ၏ အရည်အသွေးပြည့်ဝမှုဖြစ်သည်။ ကြိုတင်ပြင်ဆင်မှု အားနည်းမှုများကြောင့် လိုအပ်သော ကုသရေးစင်တာများ၏ အရည်အသွေး မပြည့်မှီခြင်း၊ တိကျခိုင်လုံသော သတင်းများ ပေးနိုင်သည့် ဝန်ဆောင်မှုများ မရှိခြင်းတို့ကို တွေ့ရှိရသည်။ ထို့ကြောင့် ဝန်ဆောင်မှု အရည်အသွေးနှင့် ပတ်သက်၍ အထူးစိုးရိမ်ဖွယ်ကောင်းလှပါသည်။

ယခုကဲ့သို့ လုပ်ဆောင်နေခြင်းများတွင် အာဏာသိမ်းစစ်ကောင်စီအနေဖြင့် နိုင်ငံရေးစိတ်စေတနာ ကင်းမဲ့ပြီး ကိုဗစ်တတိယလှိုင်းကို နိုင်ငံရေးအရအမြတ်ထုတ်ကာ ပြည်သူတို့၏ စစ်အာဏာရှင် ဆန့်ကျင်ရေးလုပ်ငန်းများကို အင်အားချို့နဲ့သွားအောင် လုပ်ဆောင်ခြင်းဖြစ်နေသည်။ ၎င်းတို့ကို ဆန့်ကျင်နေသည့် ပြည်သူလူထုကို ပြန်လည်လက်စားချေသည့် သဘောမျိုးဖြစ်နေသည်။ ကာကွယ် ပေးရမည့်အရာများကို မထောက်ပံ့ခြင်းအားဖြင့် လူထုအကြား စိုးရိမ်ပူပန်မှုများ တမင်ဖန်တီးပေး လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ပြည်သူ့ကျန်းမာရေးအခြေအနေကို ထိခိုက်စေရုံမျှမက ကျန်းမာရေးဆိုင်ရာအခွင့်အရေးများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေမှုများဖြစ်သည်။ မြန်မာပြည်သူတရပ်လုံးအပေါ်သက်ရောက်စေသည့် လူသားမျိုးနွယ်တခုလုံးအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုကို နောက်ထပ်ကျူးလွန်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် အာဏာသိမ်းစစ်ကောင်စီအနေဖြင့် ကျန်းမာရေးဆိုင်ရာ ကူညီလုပ်ဆောင်နေသောအဖွဲ့များ အပေါ် နှောက်ယှက်ဟန့်တားနေမှုများကို ချက်ချင်းရပ်တန့်ပြီး လိုအပ်နေသော ဒေသများနှင့် ပြည်သူ များထံ ကျန်းမာရေးအကူအညီများ ရောက်ရှိစေရန်အတွက် ထောက်ပံ့မှုလမ်းကြောင်းများကို ဖွင့်ထားပေးရန် ပြင်းထန်စွာ သတိပေးလိုက်သည်။

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ

နေ့စွဲ။ ၁၃ ဇူလိုင် ၂၀၂၁။